# အောင်မြင်ခြင်း အမှုတော်လုပ်ငန်း ခြေလှမ်း(၇)လှမ်း

- **မဟာစေခိုင်းချက်ကို နာခံခြင်း၌**
- **ဓမ္မသစ်အသင်းတော်များကို တည်ထောင်ခြင်း၌**

## ခြေလှမ်း ၁၊ ဆုတောင်းခြင်း

နှစ်ဦး သို့မဟုတ် သုံးဦး (သို့) ထိုထက်များ၍ အတူတကွ စုဝေးသော နေရာတွင် အစပြုရန်ဖြစ်သည် **(မာသဲ ၁၈း ၁၈-၂၀)**။

**နှုတ်ကပတ်တော်၌ သဘောတူညီမှုရှိခြင်း၊ မာသဲ ၁၈း၁၉-** နှစ်ဦး (သို့) သုံးဦးတို့သည် ယေရှုနာမဖြင့် စုဝေးခြင်းသည် ဘုရားသခင်၏ အလိုတော်ကို သဘောတူခြင်းဖြစ်သည်။

**ဘုရားသခင်၏ အလိုတော်သည် နိုင်ငံတော်၏ ဧဝံဂေလိ သတင်းကောင်းဝေငှခြင်းဖြစ်သည် (မာသဲ ၂၄း၁၄)။**

**ဘုရားသခင်၏ အလိုတော်အတိုင်း ဆုတောင်းခြင်း၊ မာသဲ ၂၈း၁၉-၂၀၊ မာကု ၁၆း၁၅-၁၆၊၂၀၊ လုကာ ၁၄း၄၆-၄၉၊ ယောဟန် ၂၁း ၁၅-၁၇၊** ဧဝံဂေလိ ဟောပြောရန်နှင့် တပည့်တော်များဖြစ်စေရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ရှင်းလင်းစွာ မိန့်မှာထားခဲ့သည်။

**ဧဝံဂေလိသတင်းကောင်း ဝေငှဟောပြောမည့် လုပ်ဆောင်သောသူရှိလာရန် ဆုတောင်းရမည် (မာသဲ ၉း၃၇-၃၈)။**

**ပျောက်ဆုံးဝိညာဉ်များအတွက် ဆုတောင်းရမည်၊ ၂ပေ၃း၉-** ဘုရားသခင်၏ အလိုတော်သည် တစ်ဦးတစ်ယောက်မျှ မပျက်စီးစေလိုပါ။

**ပျောက်ဆုံးဝိညာဉ်များအတွက် ဆုတောင်းပေးသည့်အခါ နာမည်ခေါ်၍ ဆုတောင်းရမည်။ ယောဟန် ၆း၄၄၊ ၆း၆၅၊ ဆာလံ ၂း၈**

ဆုတောင်းပြီးနောက် လက်တွေ့လုပ်ဆောင်ခြင်းက လိုက်လာသည်။
ဘုရားသခင်၏ နှုတ်ကပတ်တော်၌ အခြေခံ၍ မှန်မှန်ဆက်ကပ်
ဆုတောင်းခြင်းသည် အောင်မြင်သီးပွင့်ခြင်းသို့ ပို့ဆောင်ပေး၍၊
များစွာသော ပျောက်ဆုံးဝိညာဉ်တို့သည် ကယ်တင်ခြင်းရရှိကာ၊
ယုံကြည်သူများသည် ခွန်အားရရှိ၍ အောင်မြင်သောသူများ
ဖြစ်လာကြသည်။

## ခြေလှမ်း၂၊ ဧဝံဂေလိတရား

ဧဝံဂေလိဆိုသည်မှာ "*သတင်းစကားနှင့်အတူ ထွက်သွားခြင်း*"ဟု အဓိပ္ပာယ်ရသည်။ ၎င်းသည် ဆုတောင်းသည့် အချက်မှ လက်တွေ့လုပ်ဆောင်ခြင်း ထွက်ပေါ်လာသည်။ ဧဝံဂေလိ လုပ်ဆောင်ရာတွင် ဘုရားသခင် လမ်းညွှန်ပေးလိမ့်မည်။ မဟာစေခိုင်းချက်သည် သူ၏ အမိန့်တော်ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်သည် လူတိုင်းထံသို့ ဧဝံဂေလိတရား ဟောပြောခြင်းဖြစ်သည် **(၂ပေ ၃း၉၊ ၁တိ ၂း၄)**။

ယေရှု၏ တပည့်တော်တိုင်းသည် သက်သေခံရန် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော် ရရှိကြသည်**(တမန်၁း၈၊ လုကာ ၂၄း၄၈-၄၉)**။

ဆုတောင်းပြီးနောက် ဘုရားသခင်သည် လူတို့ထံသို့ လမ်းပြဦးဆောင်ပေးမည်။ ကျွန်တော်တို့၏ ပန်းတိုင်မှာ ထိုသူတို့ထံသို့ ခရစ်တော်အကြောင်း ဝေငှသက်သေခံရန်ဖြစ်သည်။ အကယ်၍ ကျွန်တော်တို့သည် ဆုတောင်းခြင်း၌ သစ္စာရှိလျှင် ဤနည်းဗျူဟာသည် ကျဆုံးသွားမည်မဟုတ်။ ဘုရားသခင်သည် စိတ်လှုပ်ရှားစရာ၊ အဓိပ္ပာယ်ရှိသော၊ အောင်မြင်သော "ဘုရားသခင်၏ အချိန်" ပြင်ဆင်ပေးမည်။ ၎င်းအတွက် သက်သေခံရရန်သာ ရှိတော့သည်။

အသင်းတော်ရှိပြီဖြစ်၍၊ ၎င်းသည် နှစ်ဦး(သို့)သုံးဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်သည်။ ဧဝံဂေလိဆရာတို့သည် **"ဘုရားသခင်၏ နိုင်ငံတော်နှင့် ယေရှုခရစ်၏ နာမတော်နှင့် စပ်ဆိုင်သော ဧဝံဂေလိတရားကို" ဟောပြောကြသည် (တမန် ၈း၁၂)။ "ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့." (မာကု ၁၆း ၁၆)။** ဤယုံကြည်သူတို့သည် အသင်းတော်ထဲ၌ ထည့်သွင်းထားသည်။

ပင်တေကုတ္တေနေ့၌ ရှင်ပေတရု ပြောခဲ့သည်မှာ **"သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တယောက်မျှအကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော် တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်"။** ဤ အချက်သည် အသင်းတော်ထဲ၌ "ဝိညာဉ်များပေါင်းထည့်ခြင်း" နည်းလမ်းဖြစ်သည်။

## ခြေလှမ်း၃၊ ပြုစုပျိုးထောင်ခြင်း

ပြုစုပျိုးထောင်ခြင်း ဆိုသည်မှာ ယုံကြည်သူအသစ်များကို ကူညီစောင့်ရှောက်ခြင်းဖြစ်သည်။ **ခရစ်တော်၌ ကလေးသူငယ်များကို ကျွန်တော်တို့ မည်သို့ ပြုစုပျိုးထောင် ပေးရသနည်း။ သူတို့ကို ကျွေးမွေးခြင်းအားဖြင့် ပြုစုပေးရမည်။**

ယေရှုက ပေတရုကို၊ **"ငါ၏ သိုးသငယ်တို့ကို ကျွေးမွေးလော့"(ယောဟန်၂၁း၁၅)။** ထိုနောက် **"ငါ၏ သိုးတို့ကို ထိန်းလော့"(ငယ်-၁၇)**ဟု အမိန့်ပေးထားခဲ့သည်။ ကလေးသူငယ်တို့သည် နို့ရည်ကို လိုအပ်သကဲ့သို့ **ဘုရားသခင်၏ နှုတ်ကပတ်တော် နို့ရည်ဖြင့်** ယုံကြည်သူအသစ်တို့ကို တိုက်ကျွေးပေးရမည်။ **၁ပေ၂း၂ "နှုတ်ကပတ်တရား၏ နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း၊ ဘွားစသောသူငယ်ကဲ့သို့၊ ထိုတရားနို့ကို အလွန်လိုချင်သောစိတ် ရှိကြလော့"။** ဤအရာသည် ကယ်တင်ခြင်းအတွက် သတင်းကောင်းဖြစ်သည်။ တမန်တော် ရှင်ယောဟန် ပြောသကဲ့သို့ သင်တို့ အပြစ်အားလုံး ခွင့်လွှတ်ပြီဖြစ်ကြောင်း သိရှိရသည် **(၁ယော ၂း၁၂)။**

**အခြေခံအုပ်မြစ်များကို သင်ကြားပေးခြင်း၊ ဟေဗြဲ ၆း၁-၂။** ဤအခြေခံအုပ်မြစ် ၆ခုတို့သည် နှုတ်ကပတ်တော်၏ နို့ရည်ဖြစ်သည်။ **"ဘုရားသခင်၏ ဗျာဒိတ်တော်၌ ရှေ့ဦးစွာ သင်ရသော တရားနို့တို့ကို"(ဟေဗြဲ ၅း၁၂)။** ဤအခြေခံအုပ်မြစ်ကို ကျွန်တော်တို့ ကောင်းမွန်စွာချထားခြင်း မရှိလျှင် **"စုံလင်ခြင်း၊ ရင့်ကျက်ခြင်း" (ဟေဗြဲ ၆း၁)**သို့ ကျွန်တော်တို့ မရောက်နိုင်ပါ။

ပြုစုပျိုးထောင်ခြင်း ဆိုသည်မှာ အသစ်သော ခရစ်ယာန် တစ်ယောက်ချင်းကို ဤအခြေခံအုပ်မြစ်ကို သေချာစွာ ချပေးခြင်းအားဖြင့် ဦးဆောင်ပေးရမည်ဟု ဆိုလိုသည်။ ၎င်းသည် နှုတ်ကပတ်တော် နို့ရည်ဖြစ်သည်။

**ခရစ်ယာန် လူငယ်တစ်ဦးကို မည်ကဲ့သို့ ကျွန်တော်တို့ ပြုစုပျိုးထောင် ပေးရသနည်း။** နှုတ်ကပတ်တော်ကို တိုက်ကျွေးခြင်း အားဖြင့်ဖြစ်သည်။ နှုတ်ကပတ်တော်နှင့် ပတ်သက်၍ **ကယ်တင်ခြင်း၊** နှုတ်ကပတ်တော်နှင့် ပတ်သက်သော **ကျန်းမာခြင်း၊** နှုတ်ကပတ်တော်နှင့် ပတ်သက်သော **နဂိုအတိုင်းပြန်ဖြစ်ခြင်း** တို့ဖြစ်သည်။ ပင်တေကုတ္တေနေ့ ရောက်လာသောအခါ၊ သန့်ရှင်းသော ဝိညာဉ်တော်ကို သွန်းလောင်း၍ လူပေါင်း၃၀၀၀ ပြောင်းလဲခဲ့သည်။ ယုံကြည်သူ အသစ်များသည် အရာလေးခုကို ဆက်လက်လုပ်ဆောင်ကြသည်။ ၎င်းတို့မှာ **တမန်တော်တို့၏ ဆုံးမဩဝါဒခံယူခြင်း၊ မိတ်သဟာယ ဖွဲ့ခြင်း၊ မုန့်ဖဲ့စားခြင်းနှင့် ဆုတောင်းခြင်း တို့ဖြစ်သည် (တမန်၂း၄၁-၄၂)။**

၎င်းသည် ယုံကြည်သူတို့ကို နှုတ်ကပတ်တော် သင်ကြား ပေးခြင်း၊ သင်တန်းပေးခြင်း၊ ပြုပြင်ပေးခြင်းနှင့် အပြစ်ကို ဖော်ပြပေး ရန်ဖြစ်သည်**(၂တိ၃း၁၆)**။ ပြုစုပျိုးထောင်ခြင်းသည် အချိန်ပြည့် ဆက်ကပ်ခြင်းဖြစ်သည်။ အသစ်သော ခရစ်ယာန်တစ်ဦးကို ကျွန်တော်တို့ မည်ကဲ့သို့ ပြုစုပေးရမည်ကို သိရှိနိုင်ရန် သင်ယူလေ့လာရမည်။

## ခြေလှမ်း ၄၊ တပည့်တော်ဖြစ်စေခြင်း

သခင်ယေရှု ခရစ်တော်သည် တမန်တော်တို့ကို သွား၍ တပည့်တော် ဖြစ်စေပါဟု မိန့်မှာထားခဲ့သည်**(မာသဲ ၂၈း၁၉)**။ **"ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒ ပေးကြလော့(၄ယ်၂၀)"**။ နောက်ထပ် ခြေလှမ်း တစ်ခုမှာ ယုံကြည်သောသူ၊ ရေဗတ္တိဇံခံပြီးသူနှင့် အခြေခံအုပ်မြစ် ခံယူပြီးသူတို့အား တပည့်တော် ဖြစ်စေရန်ဖြစ်သည်။

တပည့်တော်ဖြစ်စေခြင်း၏ ပန်းတိုင်မှာ-

**၁။ အသစ်သော ယုံကြည်သူတိုင်း ဘုရားသခင်၏ နှုတ်ကပတ်တော်၌ တပည့်တော်ဖြစ်စေပါ၊ လူပုဂ္ဂိုလ်၌ မဖြစ်ရ။**

**၂။ ယုံကြည်သူတိုင်း ကြီးထွားရင့်ကျက်လာစေရန် ဘုရားသခင်၏ နှုတ်ကပတ်တော် အခြခံသဘောတရားနှင့် စည်းမျဉ်းစည်းကမ်းများကို သွင်သင်ရန်။**

**၃။ ယုံကြည်သူများကို ပွဲတော်မင်္ဂလာအကြောင်း နားလည်သဘောပေါက်လာရန် တည်ဆောက်ပေးရန်။**

**၄။ တပည့်တော်တို့ကို အခြေခံကျမ်းစာ လေ့လာနည်းကို သွန်သင်ပေးရန်။**

**၅။ တပည့်တော်တို့ကို ဘုရားသခင်၏ "နှုတ်တော်ထွက်စကား" ကြားနိုင်ရန် သွန်သင်ပေးရမည်။**

**၆။ တပည့်တော်တို့ကို ကျမ်းစာဖတ်ရန်၊ လေ့လာရန်၊ ဆုတောင်းရန် နှင့် သက်သေခံရန် အခြေခံအိမ်စာပေးရမည်။**

သူတို့သည် **မာကြောသောအစားအစာ** လိုအပ်သည်။ **မာကြောသော အစားအစာမှာ ဖြောင့်မတ်ခြင်း တည်းဟူသော နှုတ်ကပတ်တော် ဖြစ်သည်(ဟေဗြဲ ၅း၁၃)။** မာကြောသော အစားအစာသည် ရင့်ကျက်သော သူများအတွက်ဖြစ်သည်။ မာကြောသော အစားအစာသည် လျှို့ဝှက်ဆန်းကြယ်သော အသိတရားသို့ ဦးဆောင်ပေးသည်။

တပည့်တော်ဖြစ်စေခြင်း၌ စည်းမျဉ်းစည်းကမ်းကို အလေးနက်ထားပြီး နှုတ်ကပတ်တော်၏ တပည့်တော်ဖြစ်ရန်နှင့် သခင်ယေရှု ခရစ်အား ပြည့်စုံစွာ သိရှိနားလည်ရန် ဦးဆောင်လမ်းပြပေးသည်။ **"ခရစ်တော်၏ နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာ တည်နေ၍ ..."(ကောလောသဲ ၃း၁၆)။**

## ခြေလှမ်း ၅၊ လေ့ကျင့်ပေးခြင်းနှင့် တန်ဆာဆင်ပေးခြင်း

အသစ်သော ခရစ်ယာန်တစ်ဦးအား ပြုစုပျိုးထောင်ပေးခဲ့ပြီ ဆိုလျှင် (အခြေခံအုတ်မြစ်အားလုံး **ကောင်းမွန်စွာ** ချထားပြီးလျှင် **(ဟေဗြဲ ၆း၁-၂)**၊ တပည့်တော်ဖြစ်စေပြီးလျှင်(နှုတ်ကပတ်တော်နှင့် ပတ်သက်သော ပြည့်စုံစွာ **သွန်သင်ပေးပြီးလျှင်(မာသဲ၂၈း၂၀)၊ ရင့်ကျက်ခြင်းသို့ ပို့ဆောင်ပေးမည့် လေ့ကျင့်ခြင်းနှင့် တန်ဆာဆင်ရန် အချိန်လိုအပ်သည်။** နှုတ်ကပတ်တော် နို့ရည်၌ တိုးတတ်ခြင်း **(ဟေဗြဲ ၅း၁၂၊ ၁ပေ၂း၂)** ထိုမှတစ်ဆင့်၊ နှုတ်ကပတ်တော် အသားအဆင့်၊ မာကြောသော အစားအစာ**(ဟေဗြဲ၅း၁၂-၁၄)**၊ ထိုမှတဆင့် ရင့်ကျက်သောသူအတွက် နက်နဲသောပညာတရား နားလည်ခြင်းသို့ ရှိလာရမည်**(၁ကော ၂း၆-၁၆)**။

<u>**လေ့ကျင့်ပေးခြင်း။**</u> ။ ပထမအဆင့် သင်တန်းတွင် ယုံကြည်သူ တစ်ဦးစီတိုင်းသည် **"ဘုရားသခင်၏ ဗျာဒိတ်တော်၌ ရှေ့ဦးစွာ သင်ရသော တရားန"(ဟေဗြဲ ၅း၁၂)**ကို သင်ကြားနိုင်ရန်။

ထိုမှတဆင့် သင်တန်းသားသည် **"နက်နဲသော ဉာဏ် ပညာ"** ဖြင့် ဘုရားသခင်၏ ထာဝရရည်ရွယ်ချက်ကို နားလည်နိုင်ရန် လိုအပ်သည်**(ဧဖက် ၃း၈-၁၁)**။

ရှင်ပေါလုက တိမောသေထံသို့ **"သက်သေခံအများ ရှိသည်နှင့် ငါ့ထံ၌ ကြားရပြီးသော အရာတို့ကို၊ သစ္စာနှင့် ပြည့်စုံ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သော သူတို့၌ အပ်ပေးလော့" (၂တိ ၂း၂)**ဟု ပြောခဲ့သည်။

- *သင်တန်းပေးခြင်း ဆိုသည်မှာ သင်တန်းသားသည် နှုတ်ကပတ်တော်ကို လေ့လာရန် သင်ကြားပေးခြင်းနှင့် သူတပါးအား သွန်သင်ပေးနိုင်သည်အထိ သွန်သင်ပေးခြင်းဖြစ်သည်။*

<u>**တန်ဆာဆင်ပေးခြင်း။**</u> ။ တန်ဆာဆင်ပေးခြင်းသည် **အမှုတော်ဆောင်ရန် လေ့ကျင့်သင်တန်းပေးခြင်းကို အမှုတော်လုပ်ငန်း အကြောင်း နားလည်သဘောပေါက်ခြင်းနှင့် ဝိညာဉ်တော်အားဖြင့် အမှုတော်လုပ်ငန်းကို လက်တွေ့အသုံးချခြင်း (၂ကော ၃း၂-၆)။ သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူး၌ လှုပ်ရှားခြင်းဖြစ်သည် (၁ကော ၁၂း၄-၁၁)။**

၎င်းတွင် **ရောမ၁၂း၄-၈**ရှိ ကျေးဇူးတော်ဆုကျေးဇူး၏ လုပ်ဆောင်ချက် နားလည်သဘောပေါက်ခြင်းနှင့် ယုံကြည်သူ၏ အသက်တာတွင် ရရှိခံစားသော ဆုကျေးဇူးကို အသိမှတ်ပြုခြင်းတို့ ပါဝင်သည်။ ရရှိခံစားသောဆုကျေးဇူး သို့မဟုတ် **ဆုကျေးဇူးနှင့် လုပ်ငန်းတာဝန် အသီးသီးအတွက် ခွန်အားပေးရန်**လည်း လိုအပ်သည်။

**ဧဖက် ၄း ၁၁**၌ ပါရှိသော **အမှုတော်အတွက် ဆုကျေးဇူး ၅ မျိုးကို နားလည်ရန် သင်ကြားပေးခြင်း လိုအပ်သည်။ ဧဖက်၄း၁၄-၁၆အရ** ထိုဆုကျေးဇူးများသည် ပြည့်ဝသော ရင့်ကျက်မှုကို အသင်းတော်၌ ရှိစေရန် ပေးထားခြင်းဖြစ်သည်။

လေ့ကျင့်ပေးခြင်းနှင့် တန်ဆာဆင်ပေးခြင်းတွင် သွန်သင်ပေးခြင်း၊ **လက်တွေ့လုပ်ဆောင်ခြင်းနှင့် အတွေ့အကြုံ**တို့ပါဝင်သည်။

## ခြေလှမ်း ၆၊ အသင်းတော်တည်ထောင်ခြင်း

လေ့ကျင့်ပေးခြင်း ခံရသောသူနှင့် တန်ဆာဆင်ပေးခြင်း ခံပြီးသူတို့ကို အမှုတော်ဆောင်ရန်၊ အသင်းတော်သစ်စတင်ရန် စေလွှတ်ပေးရမည်။ ယုံကြည်သူတို့သည် အိမ်များ၌ စုဝေးကြ၍။ **တမန်၂း၄၂** ကဲ့သို့ ပထမလုပ်ငန်း ဆောင်ရွက်ရမည်။ **"ထိုသူများသည် တမန် တော်တို့၏ ဆုံးမသြဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍ နေကြ၏"**။ ကနဦးအသင်းတော်၏ ပုံစံ **(တမန် ၂း၄၁-၄၇)** ကို ထိုနေရာ၌ ပြုရမည်။

အမှုတော်ဆောင်သောသူသည် တပည့်တော်ဖြစ်စေခြင်း အမှုကို လုပ်ဆောင်ခြင်းအားဖြင့် မဟာစေစားချက်ကို ပြည့်စုံစေရမည်။ သမ္မာကျမ်းစာနှင့် ကိုက်ညီသော အခြေခံအုပ်မြစ်ကို ချထားရမည်။

တပည့်တော်တို့သည် အတူတကွစုဝေးပြီး ပထမလုပ်ငန်းကို ဆောင်ရွက်ခြင်းအားဖြင့် အသင်းတော် တည်ထောင်ပြီးဖြစ်သည်။

## ခြေလှမ်း ၇၊ အမှုတော်လုပ်ငန်းသစ်များ ပေါ်ထွက်လာခြင်း

ဓမ္မသစ်အမှုတော်လုပ်ငန်း၌ အသင်းတော်၏ လုပ်ဆောင်မှုအဖြစ် ယုံကြည်သူအားလုံးသည် ကြီးထွားရမည်။ **"ဦးခေါင်းမှ၊ အဆစ်အပိုင်းများတို့သည် အားဖြည့်သဖြင့်၊ အသီးသီးအင်္ဂါများ ကိုယ်ငန်းကိုယ်တာအတိုင်း ပြုပြင်သည်"(ဧဖက် ၄း၁၆)**။

အမှုတော်မြတ်၌ လုပ်ငန်းတာဝန် စတင်ရန် စေလွှတ်သည့်အတိုင်း **ဧဖက်၄း၁၁**တွင် အမှုတော်လုပ်ငန်း တာဝန်(၅)မျိုးပေး ထား၍၊ အခြားသောအမှုတော်လုပ်ငန်း **(၁ကော၁၂း၂၈)**သည် တမန်တော်များ၏ မျိုးဆက်သစ် ပေါ်ထွက်လာခြင်း၊ ပရောဖက်များ၊ ဧဝံဂေလိဆရာများ၊ သင်းအုပ်ဆရာများနှင့် သင်ကြားပေးသည့် ဆရာများ ပေါ်ထွက်လာမည်။

အသင်းတော်၌ တမန်တော် အမှုတော်လုပ်ငန်း၏ အဓိကသော့ချက်သည် အမှုတော်လုပ်ငန်းသစ်များ ပေါ်ပေါက်လာမှုကို အသိအမှတ်ပြုရန်၊ သူတို့ကို ကြီးထွားစေရန်၊ ဤအမှုတော်ဆောင် လုပ်ငန်းသစ်များကို ခရစ်တော်၏ ခန္ဓာကိုယ်ထဲတွင် နေရာချပေးရန် ဒေသခံ အကြီးအကဲများနှင့် အတူလုပ်ဆောင်ခြင်း လိုအပ်သည်။